## မာ တိ ကာ


| | |
|---|---|
| – စာရေးသူ ကိုညီညီ(တောင်ကြီး) ၏အမှာစာ | က |
| – ဒေါက်တာစိုးသန်း (အင်္ဂလိပ်စာ) ၏အမှာစကား | ဃ |
| ၁။ ကြာရင်မေ့သွားမှာ | ၁ |
| ၂။ ကျောင်းအပ်တဲ့နေ | ၆ |
| ၃။ Back to School Night မိတ်ဆက် | ၁၃ |
| ၄။ မိဘတွေအတွက်အရေးကြီးတဲ့ Back To School Night | ၁၇ |
| ၅။ ကျွန်တော်တက်ချင်တဲ့ကျောင်း ကျွန်တော့်သားတက်နေပြီ | ၂၂ |
| ၆။ ပြောပြချင်တဲ့ စွမ်း တက်မယ့် AP Calculus AB အတန်းအကြောင်း | ၂၇ |
| ၇။ ရင်ကိုလာမှန်တဲ့ Student Score Report | ၃၃ |
| ၈။ စာလည်းသင်ပါ P.E လည်းလုပ်ပါ | ၃၈ |
| ၉။ သမီးနဲ့သားတို့ရဲ့ကျောင်းပြောင်းလက်မှတ် (သို့) High School Transcript | ၄၄ |
| ၁၀။ Any Questions? မေးခွန်းမေးရန်ရှိပါသလား | ၄၈ |
| ၁၁။ လူမိုက်နဲ့မပေါင်းနဲ့ သားရေ | ၅၂ |
| ၁၂။ အနှောင့်အယှက်ကင်းတဲ့ဘဝသင်္ဘောကြီး | ၅၄ |
| ၁၃။ ဂုဏ်ထူးတွေနဲ့အောင်တဲ့ဆယ်တန်းကျောင်းသား အမေရိကားရောက်တဲ့အခါ | ၅၆ |
| ၁၄။ ၁၂ တန်းပြန်တက်မှာလား ကောလိပ်တစ်ခါတည်းတက်မှာလား | ၆၃ |
| ၁၅။ အမေရိကားမှာ အမေရိကန်လူငယ်တွေ ကျောင်းမပြီးရတဲ့အကြောင်းရင်း | ၆၆ |
| ၁၆။ ကျောင်းပြီးသူနဲ့ကျောင်းမပြီးသူ | ၇၀ |
| ၁၇။ ဒေသန္တရခရီးသွားပြီး ခြေထောက်နဲ့စာဖတ်နေတဲ့ မောင်နှမနှစ်ယောက် | ၇၆ |
| ၁၈။ အရောင်အသွေးစုံဖြစ်နေတဲ့ စကောလားရှစ်တွေရဲ့အကြောင်း | ၈၂ |
| ၁၉။ စည်းရုံးလာတဲ့ပရိုဂရမ်တွေ | ၈၈ |
| ၂၀။ အမေရိကားအထက်တန်းစာသင်ခန်းပေါ်လစီ | ၉၂ |
| ၂၁။ ၁၀ တန်းကျောင်းသားရဲ့ကမ္ဘာ့သမိုင်းဖတ်စာအုပ် | ၉၅ |
| ၂၂။ ပညာယူဖို့ လူငယ့်ထံကနားထောင်စို့ | ၉၈ |
| ၂၃။ Multitasking နဲ့ ဆယ်ကျော်သက် | ၁၀၃ |
| ၂၄။ သက်သောင့်သက်သာမှတ်မိအောင်စာကျက်နည်း | ၁၀၆ |
| ၂၅။ ၁၆ နှစ်သား ၁၁ တန်းကျောင်းသား ၃ ယောက်ရဲ့ အမေရိကန်အိပ်မက်များ | ၁၀၉ |
| ၂၆။ ကျောင်းသားနဲ့စာ၊ စာနဲ့ကျောင်းသား (Motivation) | ၁၁၄ |
| ၂၇။ ၁) မိသားစု၊ ၂) ကျောင်း၊ ၃) အလုပ် | ၁၁၈ |
| ၂၈။ အမေရိကန်ကျောင်းသားတစ်ယောက်ရဲ့ ၁၂ တန်း ခရီးရှည် | ၁၂၃ |
| ၂၉။ ဘယ်သူ့ကိုမှမငဲ့ညှာဘဲ ကိုယ်တကယ်ဝါသနာပါတဲ့မေဂျာကိုသာယူပါ | ၁၂၇ |
| ၃၀။ နွေရာသီကျောင်းသင်ခန်းစာအီတလီမှာ | ၁၃၀ |
| ၃၁။ ထမင်းစားပြီးရင်ရေတစ်ခွက်တိုက်လိုက်ပါ | ၁၃၅ |
| ၃၂။ အမေရိကန်ရောက်မြန်မာကျောင်းသားနှင့်မိဘများလွန်ဆွဲခြင်း | ၁၄၀ |
| ၃၃။ ခေတ်ကျောင်းသားတွေကိုယုံကြည်ဖို့အချိန်ရောက်ပြီ | ၁၄၃ |
| ၃၄။ သားသမီးထုအပေါ်မိဘများ၏အနာဂတ်ရင်းနှီးမြှုပ်နှံမှု | ၁၄၆ |
| ၃၅။ ကျွန်တော်နားလည်ထားတဲ့အမေရိကန်အိပ်မက် ၂၀၁၆ | ၁၅၁ |
| ၃၆။ သားသမီးဘက်ကချည်း ပြင်ရမှာလား | ၁၅၇ |
| ၃၇။ လူငယ်တွေအိမ်ပြန်လာမယ့်အချိန် | ၁၆၂ |
| ၃၈။ လူငယ်လေးတစ်ယောက်ပြောတဲ့စကား သုံးခွန်း | ၁၆၆ |
| ၃၉။ အချိန်ကိုစီမံခန့်ခွဲခြင်းနှင့်အမေရိကားရောက်တစ်နေ့တာ | ၁၇၀ |
| ၄၀။ ကျောင်းသားထုကိုပြောချင်တဲ့ ဆရာ့ကိုယ်စားစကားတွေ | ၁၇၇ |
| ၄၁။ ကလေးကျောင်းအတွက်စိတ်မပူနဲ့ | ၁၈၂ |
| ၄၂။ ပြည်ပကျောင်းတက်ဖို့ လိုက်ပို့ကြတဲ့မိဘတွေ | ၁၈၇ |
| ၄၃။ ဈေးရောင်းနေတဲ့ကျောင်းကြီးတွေ | ၁၉၂ |
| ၄၄။ Stanford University က စာတစ်စောင် | ၁၉၉ |
| ၄၅။ ရေးချင်နေတဲ့ UCLA Review | ၂၀၃ |
| ၄၆။ ယိုစီးဖိတ်စဉ်ဦးနှောက်တွေကို ကျွန်တော်တို့ကိုယ်တိုင်ပြန်ကောက်ကြပါစို့ | ၂၀၇ |
| ၄၇။ ဂျာနယ်လစ်ဇင်ဘာသာရပ်ကို အမေရိကားကောလိပ်မှာတက်မယ်ဆိုရင် | ၂၁၂ |
| ၄၈။ ကျွန်တော်ဖုန်းဆက်၍ ပြန်ရခဲ့သောငွေများ | ၂၁၇ |
| ၄၉။ ဒီမိုကရေစီအစိုးရကပေးတဲ့ တန်ဖိုးနည်းကျန်းမာရေးစောင့်ရှောက်မှု | ၂၂၂ |
| ၅၀။ ခိုင်ဇာဆေးရုံသို့နောက်တစ်ခေါက် | ၂၂၈ |
| ၅၁။ လက်ကိုင်ဖုန်းတစ်လုံးနှင့်တစ်ရက်လုံးအလုပ်ရှုပ်ခြင်း | ၂၃၃ |
| ၅၂။ ရွေ့လျားနေသောမှတ်ဉာဏ်ဗီရိုများ | ၂၃၈ |
| ၅၃။ အလီဘာဘာရဲ့တစ်ကိုယ်တော်အရောင်းနေ့ | ၂၄၁ |
| ၅၄။ မြန်မာပြောသော အမေရိကားရောက်တရုတ်များအကြောင်း | ၂၄၄ |
| ၅၅။ ကျွန်တော်ကူညီမိသော တိုင်းရင်းသားများ | ၂၄၈ |
| ၅၆။ အလုပ်အတွက် စိတ်အညစ်မခံပါနဲ့ | ၂၅၅ |
| ၅၇။ တက္ကသိုလ်ဘွဲ့ဟာ လူတိုင်းနဲ့မသက်ဆိုင်ပါ | ၂၆၀ |
| ၅၈။ အချိန်ပိုဆိုတာ ဂျို(ချို) နဲ့လား | ၂၆၄ |
| ၅၉။ ပြောင်းလဲမှုမှာသာ တန်ဖိုးကငြိတွယ် | ၂၆၈ |
| ၆၀။ နိုင်ငံခြားက ကော်ပရိတ်တွေကို အလုပ်ဘယ်လိုလှမ်းလျှောက်မလဲ | ၂၇၀ |
| ၆၁။ ကျွန်တော့်သားရေးပေးတဲ့ Resume | ၂၇၅ |
| ၆၂။ Swing Shift မှာ ၉၅၁ ရက်ကြာ | ၂၇၉ |
| ၆၃။ လင်နဲ့မယားမဆုံနိုင်ခြင်းပြဿနာ | ၂၈၄ |
| ၆၄။ ကလေးငယ်ကို အချိန်မပေးနိုင်တဲ့ပြဿနာ | ၂၈၉ |
| ၆၅။ မိဘတွေ ဘာကိုစောင့်နေသလဲ | ၂၉၃ |
| ၆၆။ အလုပ်ဖြစ်တဲ့ Burmese Way | ၂၉၈ |
| ၆၇။ ဘွဲ့လက်မှတ်ပါမှ အလုပ်ခန့်မှာလား | ၃၀၂ |
| ၆၈။ အားသစ်တဖန်ပြန်ဖြစ်လာမယ့် Feedback | ၃၀၆ |
| ၆၉။ Summary ရေးဖို့အခက်အခဲဖြစ်နေသလား | ၃၁၁ |
| – မိုက်ဇော်ဖြိုတဲ့သက္ကရာဇ် (အဖြစ်မှန်အပိုင်းဆက်) | |
| ၇၀။ ကျွန်တော့်နာမည်မိုက်ဇော် | ၃၁၆ |
| ၇၁။ အမေရိကန်အထည်ကြီးပျက် | ၃၁၈ |
| ၇၂။ အသံမြည်တဲ့နာရီ | ၃၂၀ |
| ၇၃။ အသံမမြည်တဲ့နာရီ | ၃၂၂ |
| ၇၄။ ကြောက်တတ်တဲ့ဘဝနဲ့ မကြောက်တတ်တဲ့ဘဝ | ၃၂၆ |
| ၇၅။ ယိုးဒယားလေဆိပ်မှာ နှစ်ညတာ | ၃၂၉ |
| ၇၆။ အဖေမှမပါတာ | ၃၃၂ |
| ၇၇။ ဒုတိယဆုရွှေ့မှာဘာရှိသလဲ | ၃၃၃ |
| ၇၈။ အမေမရှိလို့မဖြစ်ဘူး | ၃၃၆ |
| ၇၉။ ရန်လိုတာကောင်းသလား ငြိမ်းချမ်းတာကောင်းသလား | ၃၃၈ |
| ၈၀။ ပညာနဲ့ငွေအတူမနေ–Follow Your Heart | ၃၄၀ |
| ၈၁။ ရိုက်ချက်ကြမ်းလွန်းတဲ့လောကဓံ | ၃၄၃ |
| ၈၂။ ပြောင်းလဲမှုတွေကြားကသက်ရှိပုံရိပ်တစ်ခု | ၃၄၆ |
| ၈၃။ အဆောင်နံပါတ် ၂၀၂၀ | ၃၄၈ |
| ၈၄။ မင်္ဂလာဆောင်မှာ မျှော်ရသူတစ်ဦး | ၃၅၁ |
| ၈၅။ သားတွေမြန်မာစာမတတ်တဲ့အကြောင်းရင်း | ၃၅၄ |
| ၈၆။ နှလုံးသားထဲနစ်ဝင်နေတဲ့နာရီ | ၃၅၈ |
| ၈၇။ သက္ကရာဇ်များကျော်သွားတဲ့နာရီ | ၃၆၁ |
| ၈၈။ ဉာဏ်မိုးအောင်မေးလို့ဖြေသည် | ၃၆၈ |
| ၈၉။ လွတ်လပ်ခြင်းလူငယ်တစ်ယောက်ရဲ့သရုပ်မှန် | ၃၇၃ |
| ၉၀။ အိအိအောင်အမေးအတွက်အဖြေ | ၃၇၈ |
| ၉၁။ ကိုအာကာဟိန်းမေးလို့ ဖြေသည် | ၃၈၃ |
| ၉၂။ မအေးအေးနှင်းမေးသဖြင့် ဖြေပါသည် | ၃၈၅ |
| ၉၃။ ကိုကျော်ကျော်ထွန်းအမေးအတွက်အဖြေ | ၃၉၁ |
| ၉၄။ မနှင်းသဇင်အောင်မေး၍ ဖြေပါသည် | ၃၉၄ |
| ၉၅။ မေးနေကျမဟုတ်သောမေးခွန်းနှင့်အဖြေများ | ၃၉၈ |
| ၉၆။ အမေရိကားကိုအသစ်ပြောင်းရွှေ့နေထိုင်သူ အကြောင်းတွေ | ၄၁၂ |
| ၉၇။ အသက် ၄၀–၅၀ အရွယ် | ၄၁၅ |
| ၉၈။ လက် လေးချောင်းရဲ့ ရာဇဝင် | ၄၁၈ |
| ၉၉။ နှိမ့်ချဆက်ဆံရင် အလုပ်ထွက်ပစ်လိုက်ပါ | ၄၂၁ |
| ၁၀၀။ မေးခွန်းမေးသည်ဆိုရာဝယ် | ၄၂၅ |




# စာ ရေး သူ ၏ အ မှာ စာ

## Welcome to the United States

အမေရိကားက ထပ်မံကြိုဆိုလိုက်ပါသည်။

အမေရိကားအကြောင်း အဆက်မပြတ်ရေးသားသူ တစ်ယောက်အနေနှင့် စာအုပ် နှစ်အုပ် ထွက်နိုင်ခဲ့ခြင်းသည် သင်ပုန်းကြီးတစ်ဆင့် ပြီးမြောက်သွားပြီဟု စာဖတ်သူနေရာက ယူဆလိုက ယူဆနိုင်ပါသည်။ ဤကဲ့သို့ ယူဆမှုသာလျှင် စာရေးသူအနေဖြင့် အမေရိကားအကြောင်း နောက်တစ်ဆင့်တက်၍ လေ့လာလိုသူများနှင့် ကျောင်းပညာ၊ ဘဝပညာနှင့် အကျပ်အတည်းမှ ရုန်းထွက်နိုင်စွမ်းသည့်ပညာကို လိုချင်သူများကို နှမ်းတစ်စေ့ကဲ့သို့ နည်းပါးပါစေ ဆီထွက်အောင် ဆက်လက်ညွှန်ပြနိုင်ပါလိမ့်မည်။

ထို့ကြောင့် စာရေးသူသည် စီမံကိန်းတစ်ခုကို ရဲရဲဝံ့ဝံ့ ချမှတ်လိုက်ပါသည် “မသေခင် စာအုပ် ခုနစ်အုပ် ပြီးမြောက်အောင်မြင်အောင် ထုတ်သွားမည်” ဟူ၏။

ဤ “ခေတ္တအမေရိကား ဆောင်းပါး ၁” စာအုပ်သည် ဆောင်းပါး အပုဒ်ရေ ၁၀၀ ပါဝင်သော စာအုပ် လေးအုပ်၏ ပထမစာအုပ် ဖြစ်ပါသည်။ ပထမတွဲ မဟုတ်ပါ၊ သီးသန့်တစ်အုပ်စီ လိုအပ်သလို ဖတ်ရှုနိုင်ရန် စီစဉ်ထားပါသည်။



စီမံကိန်းပြီးသွားလျှင် စာရေးသူ ရည်သန်ထားသော ကောင်းမှုကိစ္စတစ်ခုကို ပြုလုပ်ပြီးသွားသော ပီတိအဟုန်သည် လူအများ သံသရာမှ လွတ်ကင်းကြောင်း ကောင်းမှုကုသိုလ်ပြုရသည့်အလား စိတ်ကျေနပ်သကဲ့သို့ လွန်စွာမှ ကျေနပ်နေမည်မှာ သေချာပါသည်။

ကျောင်းသားငယ်တစ်ယောက်သည် ဗျည်း၊ သရနှင့် သင်္ချာကိန်းဂဏန်းတို့ဖြင့် သင်ပုန်းကြီးကို ကျော်ဖြတ်ပြီးသကာလ အတန်းကြီးကို တက်လှမ်းရသကဲ့လို့ အမေရိကားကို အသစ်ပြောင်းရွှေ့လာသူတစ်ဦး၊ မိသားတစ်စုသည် ဘာမျှမလုပ်တတ်ခြင်း အမေရိကားသင်ပုန်းကြီးကို ကျော်ဖြတ်သွားရပါမည်။ သီတင်းပတ် အတန်ငယ်ကြာမည်။ လအနည်းငယ်ကြာမည်။ ပြီးလျှင် တတ်မြောက်သွားပါမည်။ သို့ရာတွင် သင်ယူခြင်းကား ရပ်သွားမည်မဟုတ်ပေ။

ထိုကွက်လက်ကိုဖြည့်ရန် ယခုစာအုပ်သည် အလုပ်ပေါင်းများစွာကို လုပ်ပေးပါလိမ့်မည်။ လမ်းညွှန်မှုများ ရှိလာမည်၊ ဆွေးနွေးမှုများ ပါလာမည်၊ အမေးအဖြေကိစ္စများနှင့် တန်ဖိုးမဖြတ်နိုင်သော ကာယကံရှင်တို့၏ ကိုယ်တွေ့ပြောပြချက်များ ဖတ်ရပါလိမ့်မည်။ ကိုညီညီ(တောင်ကြီး) ၏မူအတိုင်း စာအုပ် တစ်အုပ်တွင် ဖြစ်ရပ်မှန်အခန်းဆက်ဝတ္ထုရှည် ၁ ပုဒ် ပါဝင်ပါမည်။

“မိုက်ဇော်ဖြိုသည့်သက္ကရာဇ်” ဖြစ်ရပ်မှန်အပိုင်းဆက်မှာ တိုးနီ အကြောင်း ရေးခဲ့စဉ်တုန်းအခါကဲ့သို့ စာရေးသူနှင့် လူချင်းတွေ့ဆုံ၍ တစ်ရက်ချင်း ရေးသားခဲ့သော အမေရိကန်ပြောင်းရွှေ့မှုဇာတ်ဆောင် မိသားတစ်စု၏ လက်ဗလာဖြင့် ဘဝကိုတည်ဆောက်ခဲ့သော သံမဏိမိခင်နှင့် မိခင်နှင့်မိသားစုအတွက် မိမိ၏တိုးတက်မှုကို စတေးခံခဲ့သော မိုက်ဇော်၏ အနစ်နာခံ ဘဝသင်ခန်းစာများကို တဝကြီးဖတ်ရှုနိုင်မည် ဖြစ်ပါသည်။

အမေ ဒေါ်အောင်ဆန်းစုကြည်က စကားတစ်ခွန်းပြောဖူးသည် “လူမှာ နှစ်မျိုးပဲရှိတယ်။ သင်ယူချင်တဲ့လူနဲ့ မသင်ယူချင်တဲ့လူ” ဟူသော စကားမှာ စာရေးသူ၏ စဉ်းစားဉာဏ်ထဲတွင် အမြဲ မင်းမူနေ၏။ စာရေးသူကိုယ်တိုင် အမြဲမေးနေသော မေးခွန်းလည်း ဖြစ်ပါ၏။ စာရေးတိုင်း



သုံးသပ်မိလျက်ရှိသော၊ ဘဝင်ကိုရိုက်ချလိုက်သော၊ အောက်ခြေလွတ်ချင်နေသူအား သံဝေဂဆုံးမစကားဟု အစဉ်နှလုံးသွင်းလျက် ရှိပါသည်။

အမြဲကြိုးစားရင်း သင်ယူ၊ အမြဲသင်ယူရင်း ကြိုးစားနေဦးမည်။

**စာရေးသူ**
**ကိုညီညီ(တောင်ကြီး)**
**ခေတ္တ-အမေရိကား**